# ရှမ်းတောင်တိုက်ပွဲအခြေအနေနှင့် ဖြစ်စဉ်များ

(ဆီဆိုင်၊ ဟိုပုံး၊ ပင်လောင်း)

နေ့စွဲ - ဧပြီ (၂)ရက်၊ ၂၀၂၄


Pa-O Youth Organization

G-MAIL ( pyorg.net@gmail.com )
SIGNAL ( +66 93640 2792 ) / (+66 923533066)

၂၀၂၄ ခုနှစ် ၊ ဇန်နဝါရီ ၂၁ ရက်နေ့မှ - မတ်လ ၃၀ ရက်နေ့အထိ ရက်ပေါင်း (၇၀) ရက်တာ ကာလအတွင်း


| လေကြောင်း ဗုံးကြဲတိုက်ခိုက်မှု | လက်နက်ကြီး ပစ်ခတ်မှု | အရပ်သား သေဆုံးမှု | အရပ်သား ထိခိုက်ဒဏ်ရာရမှု | အရပ်သား ဖမ်းဆီးခံရမှု | အဆောက်အအုံ ထိခိုက်ပျက်စီးမှု | စစ်ဘေးရှောင် ဦးရေစုစုပေါင်း |
|---|---|---|---|---|---|---|
| ၄၅၅ ကြိမ် နှင့်အထက် | ၂၃၉၁ ကြိမ် နှင့်အထက် | ၅၅ ဦး | ၆၈ ဦး | ၂၀ ဦး | ၅၇၁ ခု | ၆၄၅၆၀ ဦး နှင့်အထက် |

## အရပ်သားသေဆုံးမှုများ




ရှမ်းတောင်တွင် တိုက်ပွဲဖြစ်ပွါးသည့် ၂ လတာကာလအတွင်း စစ်ကောင်စီ၏ လေကြောင်းနှင့် လက်နက်ကြီးပစ်ခတ်တိုက်ခိုက်မှုများကြောင့် အသက်အရွယ်အားဖြင့် ၆ လသားမှ ၁၀ နှစ်အတွင်းရှိ ကလေးငယ် (၅)ဦး သေဆုံးခဲ့ပြီးဖြစ်သည်။ ကလေးငယ်များသေဆုံးမှုအများစုသည် တိုက်ပွဲဖြစ်ပွါးခြင်းမရှိကျေးရွာများသို့ စစ်ကောင်စီ၏ ရုတ်တရက် ပစ်ခတ်တိုက်ခိုက်မှုများကြောင့်ဖြစ်သည်။

# အရပ်သားထိခိုက်ဒဏ်ရာရမှုများ





## ရှမ်းတောင် စစ်ပဋိပက္ခဖြစ်ပွါးသည့် ၂ လအတွင်း အရပ်သား ဖမ်းဆီးခံခဲ့ရမှု အခြေအနေများ




⚠ ဇယားပါ ဖမ်းဆီးခံရမှု အခြေအနေဆိုင်ရာအချက်အလက်များသည် အတည်ပြုနိုင်သည့် အချက်အလက်များကိုသာ ထည့်သွင်းဖော်ပြထားခြင်းဖြစ်သည်။


# ပစ်ခတ်တိုက်ခိုက်မှုများ




အရပ်သားသေဆုံးမှု စုစုပေါင်းထဲမှ (၃၀) ဦးခန့်သည် ပွဲဖြစ်ပွါးခြင်းမရှိသည့်နေရာများသို့ စစ်ကောင်စီ၏ လက်နက်ကြီးနှင့် လေကြောင်း ရုတ်တရက် ပစ်ခတ်တိုက်ခိုက်မှုများကြောင့် သေဆုံးခြင်းဖြစ်သည်။

မှတ်ချက် -ပစ်ခတ်တိုက်ခိုက်မှုများထဲတွင် လေကြောင်းနှင့် လက်နက်ကြီး တိုက်ခိုက်မှုများအပြင် **ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်မှု**များလည်း ရှိနေပါသည်။ ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းဖြစ်စဉ်နှင့် ပတ်သတ်ပြီး အရေအတွက် ရေတွက်ရန် အခက်အခဲရှိပါသဖြင့် (သီးသန့် )ဖော်ပြနိုင်ခြင်းမရှိပေ။ သို့သော် ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုများကြောင့် ထိခိုက်ပျက်စီးမှုများကို မှတ်တမ်းတင် ထားပါသည်။ ကောက်ယူရရှိသော အချက်အလက်များအရ ဒရုန်းဖြင့်ဗုံးကြဲတိုက်ခိုက်မှုကြောင့် အရပ်သား ( ၈ )ဦး သေဆုံးပြီး ( ၂၀)ဦးထက်မနည်း ထိခိုက်ဒဏ်ရစေခဲ့သည့်အပြင် ဘာသာရေး အဆောက်အအုံ အနဲဆုံး( ၄) လုံးနှင့် နေအိမ်အများအပြား ထိခိုက်ပျက်စီးခဲ့သည်။

# အဆောက်အအုံထိခိုက်ပျက်စီးမှုများ




# စစ်ဘေးတိမ်းရှောင်မှုများ





# ၂၀၂၄ ခုနှစ်၊ မတ်လ ( ၂၄-၃၀) ရက်နေ့အထိ တပတ်တာကာလအတွင်း ရှမ်းတောင် ( ဆီဆိုင်၊ ပင်လောင်း၊ ဟိုပုံး၊ လွိုင်လင်) ဒေသများ၏ ဒေသအခြေအနေနှင့် ဖြစ်စဉ်များ

## ၂၄ မတ် ၂၀၂၄

ဆီဆိုင်မြို့နှင့် အနီးပတ်ဝန်းကျင်တွင် မြေပြင်တိုက်ပွဲများဖြစ်ပွါးခဲ့ပြီး လက်နက်ကြီးပစ်ခတ်မှုများလည်းရှိသည်။ ဟိုပုံးမြို့နယ်တွင် ထိုတပတ်အတွင်း၌ မြေပြင်ထိတွေ့တိုက်ပွဲများမရှိသဖြင့် စစ်ဘေးရှောင်နေကြသည့် ရွာသားများ နေရပ်သို့ ပြန်ရောက်နေကြသည်။ ပင်လောင်းမြို့နယ် ဆောင်းပြောင်းနှင့် အနီးပတ်ဝန်းကျင်တဝိုက်တွင်လက်နက်ကြီးပစ်ခတ်မှုများ ရှိသည်။ ထို့အပြင် ထို၂၄ ရက်နေ့မှစ၍၅ရက်အတွင်း ဒေသခံများ ပြောင်းရွှေ့ကြရန် သတိပေး လာသောကြောင့် ဒေသခံများ ပို၍တိမ်းရှောင်ကြရသည်။

## ၂၅ မတ် ၂၀၂၄

ဆီဆိုင်မြို့ဘေးပတ်ဝန်းကျင်ရှိကျေးရွာများတွင် တိုက်ပွဲဖြစ်ပွားခြင်းမရှိသော်လည်း ဆီဆိုင်မြို့ပေါ်တွင် မြေပြင်ထိတွေ့တိုက်ပွဲပြင်းထန်လျက်ရှိနေပြီး လက်နက်ကြီးပစ်ခတ်မှုပြင်းထန်နေဆဲဖြစ်သည်။ ပင်လောင်းတွင် လေယာဉ်ဖြင့် ဗုံး(၂)ကြိမ်ကြဲသည်။ကောင်ဟမှ လက်နက်ကြီးများ ပိုမိုပစ်ခတ်နေပြီး အ ရင်ရက်များထက် ပစ်ခတ်မှုအကြိမ်ရေ ပိုများသည်။ကုန်ပေါက် ၊ နမ့်ဖာမူ ၊ သမထ ၊ ကာရား ၊ ချောင်းခြား ၊ နောင်ဝိုး ၊ နမ့်တုတ် ကျေးရွာမှ ဒေသခံများ ဒုတိယ အကြိမ် စစ်ဘေးပြန်ရှောင်ကြရသည်။

## ၂၆ မတ် ၂၀၂၄

မဲနယ်တောင်တကြောတွင် ပြည်သူ့စစ်က ရပ်ရွာလုံခြုံရေးဟုဆိုကာ ကင်းလှည့်စောင့်ကြည့်နေသည်များရှိသည်။ဆီဆိုင်မြို့နယ် တွျုးနှားကျေးရွာတွင် မြေပြင်တိုက်ပွဲ တစ်ညလုံးဖြစ်ပွားနေသောကြောင့် လုံးဒါ ၊ တွျုးနှားဘက်သို့ စစ်ကောင်စီမှ လက်နက်ကြီး ပစ်ခတ်မှုများရှိနေသည်။

## ၂၇ မတ် ၂၀၂၄

ဆီဆိုင်မြို့နှင့် အနီးပတ်ဝန်းကျင်တွင် မြေပြင်ထိတွေပစ်ခတ်မှုများရှိသည်။ ဆီဆိုင်မြို့နယ်ရှိ ကျေးရွာအများစုမှ စစ်ရှောင်ပြည်သူများနေရပ်သို့ပြန်လာ ကြပြီဖြစ်သော်လည်း ဆီဆိုင်မြို့ပေါ်ရပ်ကွက်နှင့် အနီးအနား ကျေးရွာများမှ စစ်ရှောင်များ နေရပ်သို့ ပြန်မလာရဲသေးပေ။ ထိုရက်များအတွင်းတွင် ဆီဆိုင် မြို့နယ် နောင်ကျောအုပ်စုအတွင်း ကျေးရွာများကို PNO မှ အစည်းအဝေးခေါ်ယူပြီး အခွန်များကောက်ခံမည်ဖြစ်ကြောင်း ထိုအခွန်ကို မတ်လ ၃၀ ရက်နေ့ နောက်ဆုံးထားပြီးပေးဆောင်ထားခိုင်းကြောင်းလည်း သိရသည်။ ပင်လောင်မြို့နယ် နမ်းတုတ်ရွာဘက်သို့ တွင် စစ်ကောင်စီမှ လက်နက်ကြီး ၁၅ လုံးအပြင် လေယာဉ်ဖြင့် ၂ကြိမ် ဗုံးကြဲတိုက်ခိုက်ခဲ့သည်။

## ၂၈ မတ် ၂၀၂၄


ဆီဆိုင်မြို့နှင့် အနီးပတ်ဝန်းကျင်သို့ စစ်ကောင်စီက လက်နက်ကြီးပစ်ခတ်မှုများရှိသည်။ လုံးဒါနှင့် တွျုးနှာကျေးရွာဘက်တွင် စစ်ကောင်စီအုပ်စုနှင့် တော်လှန်ရေးတပ်ဖွဲ့တို့ တိုက်ပွဲဖြစ်ပွါးခဲ့သည်။

## ၂၉ မတ် ၂၀၂၄

ဆီဆိုင်မြို့တွင် စစ်ကောင်စီမှ လက်နက်ကြီး (၃)ချက်ပစ်ခတ်မှုရှိသည်။ ညနေပိုင်းတွင် လုံးဒါရွာဘက်တွင် မြေပြင်ထိတွေ့တိုက်ပွဲ ဖြစ်ပွားခဲ့ပြီး လက်နက်ကြီး (၁၀)ချက် ပစ်ခတ်မှုရှိသည်။

## ၃၀ မတ် ၂၀၂၄

ဆီဆိုင်မြို့ပေါ်တွင် စစ်ကောင်စီက မြို့ရှင်းလင်းရေးလုပ်ပြီး ဒေသခံများကို ပြန်ခိုင်းနေသော်လည်း PNLA ဘက်မှ ဒေသခံများကို မပြန်သေးရန် နှင့် စစ်ကောင်စီမှ လူသားဒိုင်းအဖြစ် လုပ်လာနိုင်ကြောင်းကို ၎င်းတို့၏ ထုတ်ပြန်ချက်တွင် ဖေါ်ပြထားသည်။ ဆီဆိုင်မြို့ရှိ နေရာအချို့တွင် ပစ်ခတ်မှုများ ရှိနေသေးသည်။ပင်လောင်း မြို့နယ် နန်းနိမ်းရွာ နှင့် လင်းဗွာလ ရွာတို့သည် မြေပြင်တိုက်ပွဲ ပြန်ငြိမ်လာသောကြောင့် နန်းနိမ်းရွာနေ ဒေသခံများသည် တဖြည်းဖြည်း ပြန်လာကြပြီ ဖြစ်ပြီး လင်း ဗွာလရွာသည် ၃ ပုံ ၂ ပုံပြန်ရောက်ကြပြီ ဖြစ်သည်။ စစ်ကောင်စီ မှ လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ပင်လောင်း - လွိုင်ကော်လမ်းမကြီး နောင်ဝိုး နှင့် ဆောင်း ပြောင်း ကြားရှိ တံတားတခု ပျက်စီးဆုံးရှုံးခဲ့ရသည်။ဟိုပုံးမြို့ပေါ်တွင် စစ်ကောင်စီသည် NON-CDM ဝန်ထမ်းများ နှင့် စစ်ကောင်စီ ထောက်ခံသူများဖြင့် PDF ရှုံ့ချ ဆန္ဒပြပွဲ ပြုလုပ်ခဲ့သည်။


N
W
E
S
ရှမ်းမြောက်
ရှမ်းရှေ့
မန္တလေးတိုင်း
ကရင်နီပြည်နယ်
442
41
44
411
43
45
54
ကျောက်ကူ
နောင်ဝိုး
အင်တော
ကျိုင်းခမ်း မိုင်းကိုင်မြို့နယ်
ကျေးသီးမြို့နယ်
ရွာငံမြို့နယ်
ရပ်စောက်မြို့နယ်
မိုင်းနောင်
လဲချားမြို့နယ်
ကာလီ
ကွန်ဟိန်းမြို့နယ်
ပင်လုံ
လွိုင်လင်မြို့နယ်
ဟိုပုံးမြို့နယ်
မိုင်းပွန်
နမ့်စန်မြို့နယ်
ခိုလမ်
ကျိုင်းတောင်း
တောင်ကြီး
ဟိုပုံး
အေးသာယာ
ဟဲဟိုး
အောင်ပန်း
ကလောမြို့နယ်
ပင်းတယမြို့နယ်
ညောင်ရွှေမြို့နယ်
တောင်ကြီးမြို့နယ်
နမ့်ခုတ်
ဘန်းယဉ်
ဆီဆိုင်မြို့နယ်
မိုးနဲမြို့နယ်
မိုင်းစစ်
တာဆန်း
မိုင်းပန်မြို့နယ်
မောက်မယ်မြို့နယ်
လင်းခေးမြို့နယ်
ကဒူးကြီး
ထီကျစ်
ပင်လောင်းမြို့နယ်
ဆောင်းပြောင်း
မြေပုံအညွှန်း
စစ်ရေးဖြစ်ပွါးသည့်နေရာများ
စကစ တည်နေရာများ
စကစ လေတပ်စခန်း
ဟဲဟိုးလေဆိပ်